
mgyoe.com

စိတ်ကူးချိုချိုအနုပညာ


ဒဂုန်တာရာ

# တပေသစ်၏ ဆည်းဆာရောင်



mgyoe.com

ဆည်းဆာရောင်သည် အားပျော့လာပြီး
အမှောင်တစိမ့်စိမ့် ဝင်ရောက် ကျူးကျော်လာတော့သည်။
သဘော်၊ လှေ၊ ဂိုဒေါင်၊ ရေပြင်၊ စင်ရော်ငှက်၊ ချစ်သူ စသော
မြင်ရသော ရှုခင်းတို့သည် နက်၍လာကာ သဲသဲကွဲကွဲမရှိတော့။
မှုန်ဝါးဝါး။
အနောက်ဘက် လှိုင်မြစ်ဘက်မှ ပတ္တမြားရောင်သည်
အနီသွေးမလက်နိုင်တော့၊ ကောင်းကင်အပြာ ဇာအလွှာမှာ
ထူထပ်သည်ထက် ထူထပ်လာတော့သည်။
လှိုင်းသံ၊ ရေနှင့်ဘော ထိတိုက်သံတို့ကြားမှ
ကျွန်တော်က ကိုမြသန်းအား
"ပြန်ကြရအောင်" ဟု ဆိုလိုက်သည်။
နက်ပြာသော ကောင်းကင်ဖန်ရိပ်တွင်းမှ
ကြယ်ပွင့်ကလေးများ ဖိတ်လက်နေကြ၏။
ဆည်းဆာရောင်တွင် ကျွန်တော်တို့လည်း အမှောင်ထဲ၌
ပျောက်ကွယ်နေကြတော့သည်။




ISBN9789997117540
DGT29
9 789997 117540
900.00 KS

mgyoe.com

စာပေသစ်၏ ဆည်းဆာရောင် ဒဂုန်တာရာ
မျက်နှာဖုံးဒီဇိုင်း - pexels image
စာမျက်နှာ ၄၉ မျက်နှာ၊ ၁၀ စင်တီ $\times$ ၁၆ •၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# စာပေသစ်၏ ဆည်းဆာရောင် ဒဂုန်တာရာ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ယခုဆောင်းပါးသည် စာပေဆိုင်ရာ အယူအဆ ကွဲလွဲမှုများမှ ပြို့ကွဲပျက်စီးခဲ့ရမှု၊ ခွဲခွာကြရမှုသဘောကို နိုင်ငံရေးနောက်ခံ ပါးပါးဖြင့် လှပစွာ ရေးဖွဲ့ထားသော လ,ဆက် ဆောင်းပါးရှည် ဖြစ်ပါသည်။ ဆောင်းပါးသဘောအရ ပြန်လည်ဖော်ပြခြင်းမှာ မသင့်ဟု ယူဆလိုက ယူဆနိုင်သော်လည်း မြန်မာစာပေသမိုင်း တွင် မဂ္ဂဇင်းတစ်စောင်ဖြစ်ပေါ်ခြင်း၊ ပျောက်ကွယ်ခြင်း၊ စာပေ အယူအဆများ ပေါ်ထွန်းခြင်း၊ ဖြစ်တည်ခြင်း၊ ဆန့်ကျင်ခြင်း၊ နိုင်ငံရေးအကြောင်းအရာများ ပတ်သက်ခြင်း စသည်ဖြင့် မှတ်သားစရာ၊ ဆင်ခြင်စရာ၊ အကဲခတ်စရာ တန်ဖိုးများ ပါဝင်နေသည့် ဆောင်းပါးတစ်ပုဒ်ဟု ယူဆပါသဖြင့် ယခု အစီအစဉ်တွင် ပါဝင်တင်ဆက်လိုက်ပါသည်။

mgyoe.com

mgyoe.com

# စာပေသစ်၏ ဆည်းဆာရောင်

(၁)

ခဲသားရောင်ရေပြင်သည် လှိုင်းကလေးများကြောင့် ငါးအကြေးခွံထနေသည်။ ကမ်းနား၌ ဆိုက်ကပ်ထားသော သင်္ဘော၊ သမ္ဗန်၊ ကတ္တူ၊ လှေ၊ ဆိပ်ခံတံတား၊ ဂိုဒေါင်၊ တန်းလျား စသော အရာဝတ္ထုများသည်လည်း ခဲသားရောင်ထနေသည်။ ရန်ကုန်မြစ်လယ်ရှိ ကျောက်ဆူးချထားသော ပင်လယ်ကူးသင်္ဘောဆီမှ ဝန်ချီစက်၏ ကျလိကျလိမြည်သံမှာ ဆည်းဆာ၏ တေးသံပင်။ အရာဝတ္ထုတိုင်း၌ တစ်ခြမ်းလင်း၊ တစ်ခြမ်းမှောင် ဆည်းဆာအရောင် ထိုးကျနေ၏။

အမှောင်ဝယ် လှိုင်မြစ်ဘက်ဆီမှ ခပ်ပျော့ပျော့ပန်းနုသွေးရောင်မှာ လဲ့ပြေးနေပေသည်။ ခဲသားရောင်

mgyoe.com

mgyoe.com


ရေပြင်တွင် ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာများ ကြဲခင်းထားသဖြင့် တဖိတ်ဖိတ်လက်နေသည်။

လေသည် လွတ်လပ်စွာ တိုက်ခတ်နေသဖြင့် သန့်ရှင်းနေပေသည်။ မြို့ရနံ့ဖြစ်သော ဓာတ်ဆီညှော်နံ့၊ ကော်ပတ်ညှော်နံ့၊ စီးကရက်နံ့၊ အရက်နံ့တို့မှ ကင်းသော၊ ပင်လယ်မှလာသော လေမှာ လတ်ဆတ်နေသည်။ စင်ရော်ငှက်များသည် မြစ်ကိုဖြတ်ကာ ပျံသန်းနေကြသည်။

အမှောင်ကျလာသော် ခဲသားရောင်သည် ပို၍ ရင့်လာလေ။

ယင်းဆည်းဆာရောင်ကြားမှ တီးတိုးသံသည် ထွက်ပေါ်လာသည်။ ဆိပ်ခံအစွန်းရှိ လှေသဘော်ာ မဆိုက်သော၊ လူရှင်းသောနေရာ ကြိုးချည်ဘုတိုင်၌ ထိုင်နေသော ကျွန်တော့်အား ကိုမြသန်း(ယခု မြသန်းတင့်) က တတွတ်တွတ်ပြောနေ၏။

"ဘာဖြစ်လို့ စာပေသစ်အယ်ဒီတာအဖွဲ့က ထွက်ရမှာလဲ။ မထွက်ပါနဲ့ဗျာ"

ကျွန်တော့်မှာ သူ့ကိုလှည့်မကြည့်ဘဲ မြစ်ပြင် ကိုသာ စိုက်ငေးလျက်ရှိသည်။ သို့သော် သူ၏ပုံပန်းမှာ ဆည်းဆာရောင်ဝယ် ရုပ်တုကဲ့သို့ပေါ်နေသည်။ ကိုယ် တစ်ခြမ်းမှာ ခဲသားရောင်၊ တစ်ခြမ်းမှာ ပန်းနုရောင်။

mgyoe.com

mgyoe.com


ထူထဲသော သူ၏မျက်မှန်ရောင်မှာ အနီရောင်တောက်နေ၏။ တဖိတ်ဖိတ်လက်နေသော လှိုင်မြစ်ရေမှ အရောင်ဟပ်နေ၏။

ထိုအခါက ကိုမြသန်းမှာ အသက်၂၀ အရွယ်၊ ကျွန်တော်မှာ ၃၀ အရွယ်၊ သူသည် ဂျပ်ဆင်ကောလိပ်ဘက်ရှိ ဥတ္တရကျောင်းဆောင် (ယခု ရွှေဘိုဆောင်)၌နေကာ ကျောင်းတက်နေဆဲ။

မြစ်လယ် ပင်လယ်ကူးသင်္ဘောဆီမှ ဝန်ချီစက်၏ ကျလိကျလိ မြည်သံ၊ အမှောင်ကြားမှ ခုတ်မောင်းနေသော အကောက်ဌာန မော်တော်ဘုတ်စက်သံ၊ သင်္ဘောဥသြသံ၊ လှိုင်းသံ၊ ရေသံများအကြားမှ ကိုမြသန်း၏ "ဘာဖြစ်လို့ ထွက်ရမှာလဲ၊ မထွက်ပါနဲ့၊ အတူတူ လုပ်ကြရအောင်ပါ" ဟူသော တီးတိုးသံမှာ တိုးထွက်ကာ ပေါ်လာ၏။

"အယ်ဒီတာအဖွဲ့က ထွက်မယ်လို့ ဆုံးဖြတ်လိုက်ပြီးပြီ"

"ဆုံးဖြတ်ချက်ဆိုတာ ပြင်လို့ရပါတယ်...၊ အိုဗျာ မထွက်ပါနဲ့"

ကျွန်တော်က သူ့အား ရယ်မောလိုက်သည်။

"ဘယ်ဟုတ်မလဲ၊ ခင်ဗျား ကျွန်တော့်အကြောင်း မသိသေးလို့။ ကျွန်တော်က ဆုံးဖြတ်ပြီးရင် ပြင်လေ့

mgyoe.com

mgyoe.com


ပြင်ထ မရှိဘူးဗျ”

“အိုဗျာ... ဘယ်ဟုတ်မှာလဲ၊ ပြင်ရမှာပေါ့၊ မထွက်ပါနဲ့”

အမှောင်သည် ထူထပ်သည်ထက် ထူထပ်လာလေပြီ၊ မနက်ကပင် စာပေသစ်အယ်ဒီတာအဖွဲ့မှ ထွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ကာ အားလုံးအား ပြောပြီးခဲ့ပြီ။ ညနေဘက်တွင် ကိုမြသန်းသည် ကျောင်းဆောင်မှ ကျွန်တော်ရှိရာ ကိုင်းတန်းသို့ ပေါက်လာသည်။ စကားအေးအေးပြောရန် နှစ်ယောက်သား မြစ်ဆိပ်သို့ ထွက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

တီးတိုးသံများသည် ဆက်လက်ပေါ်လာဆဲ။ လေသည် လွတ်လပ်စွာတိုက်ဆဲ။ ဆည်းဆာရောင်သည် နက်မှောင်လာဆဲ။

(၂)

တာရာမဂ္ဂဇင်းအယ်ဒီတာအဖွဲ့သို့ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများယူလာရင်း သူတို့နှင့်သိကာ၊ နောက်ရင်းနှီးခင်မင်လာသည်။ မောင်ကြည်လင်၊ မြသန်း၊ ကျော်အောင်၊ သူတို့နှင့်အတူ တစ်ခါတစ်ရံပါလာတတ်သည်ကား အောင်လင်း၊ ကိုသန်းတင်။

ပထမ စာနှင့် သိသည်။ ပခုက္ကူမှ ‘အယ်ဒီတာ

mgyoe.com

mgyoe.com


ခင်ဗျား' ဟု ရေးကာပို့လိုက်သည်လည်း ရှိသည်။ ၁၉၄၈ လောက်ကစ၍ သူတို့စာများ တာရာမဂ္ဂဇင်း၌ စတင်ဖော်ပြခဲ့သည်။ ၁၉၄၉–၅၀ နှစ်တွင်ကား သူတို့ သည် မပြတ်မလပ် ဝင်ရေးကြသည်။ စာနှင့်ပို့ကြပြီး နောက် လူကိုယ်တိုင်ပင်လာကြသည်။ ထိုအခါက တာရာမဂ္ဂဇင်းအယ်ဒီတာဌာနမှာ ၁၄ လမ်းတွင် ဖြစ် သည်။

အယ်ဒီတာစားပွဲတွင်ဝိုင်းကာ စာပေ၊ အနု ပညာ၊ နိုင်ငံရေးရာအကြောင်း စကားပြောကြပြီး ရွှေ တောင်တန်းထိပ်ဘက်ထွက်ကာ လက်ဖက်ရည်ဆိုင် ၌ ဆက်ကြပြန်သည်။ ပုံနှိပ်စက် ကိုင်းတန်းဘက် ပြောင်းသွားသောအခါ၊ လမ်းထိပ် တရုတ်လက်ဖက် ရည်ဆိုင်မှာ စကားဝိုင်းဖွဲ့ရာ ဖြစ်လာတော့သည်။ တစ် ခါတစ်ရံ ရုပ်ရှင်အတူသွားကြည့်လိုက်ကြသည်။ တစ် ခါတစ်ရံလည်း စန္ဒရားဆေးတွင် ဝိုင်းကြသည်။ သူတို့ မှာ ကျောင်းတက်နေကြသော်လည်း ကျောင်းပိတ်ရက် နေ့အားမှ မဟုတ်ဘဲ ကျွန်တော့်ထံ မကြာခဏ ရောက် လာတတ်ကြသည်။

ကိုကြည်လင်နှင့် ကိုမြသန်းမှာ မျက်မှန်နှင့်ဖြစ် ကြသည်။ ကိုကြည်လင်၏မျက်မှန်မှာ ကိုမြသန်း လောက် မထူ။ သူတို့နှစ်ယောက်မှာ အသက်လည်း

mgyoe.com

mgyoe.com


မတိမ်းမယိမ်း၊ ကိုမြသန်းမှာ အငယ်ဆုံးဖြစ်၍ အားလုံးက မင်းနှင့်ငါနှင့် ပြောကြသည်။ တွေ့စက သူတို့မှာ အသက် ၂၀ မပြည့်ကြသေး။ ကျွန်တော့်စိတ်ထဲ၌ ကိုကြည်လင်နှင့် ကိုမြသန်းမှာ ရုပ်ရည်ဟန်ပန် တူသလိုလို၊ ဆင်သလိုလိုဟု အောက်မေ့မိသည်။ ဘယ်နေရာ၌ ဆင်သည်ဟုကား မပြောတတ်။ ကိုကြည်လင်မှာ ကိုမြသန်းထက် အသားနည်းနည်းလတ်သည်ဟု ထင်ရသည်။ ကိုကျော်အောင်နှင့် ကိုကြည်လင်မှာ အသက်တူလောက်။ ကိုသန်းတင် (အခု ပညာတန်ဆောင်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်)မှာ အကြီးဆုံး၊ စာမရေးသော်လည်း စာပေမွေ့သူ။ နောက် နည်းနည်းပါးပါးရေးသည်။ ရေးတော့လည်း ဖြစ်သည်။ ကိုအောင်လင်းကိုမူ သူ၏ ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးကို ၁၉၅၀ ပြည့်နှစ်ကျမှ စာပေသစ်တည်ထောင်မှ စတင်ထည့်ဖူးသည်။

သူကား ဂီတသမားဖြစ်၍ ကျွန်တော် စန္ဒရားတီးစဉ် တစ်ပိုဒ်စ၊ နှစ်ပိုဒ်စ လိုက်ဆိုပေးတတ်သည်။ ကမာရွတ်ရှိ မင်းရှင်အိမ်မှ စန္ဒရား၌ တယောနှင့် လိုက်ပေးဖူးသည်။ သူတို့က ခေါ်ကြသဖြင့် ဂျပ်ဆင်ကောလိပ်ဘက် ဥတ္တရကျောင်းဆောင်တွင် တစ်ည သွားအိပ်ရင်း ကိုအောင်လင်း၏ မယ်ဒလင်လက်သံကို နား

mgyoe.com

mgyoe.com


ထောင်ရဖူးသည်။ မဂ္ဂဇင်းထွက်ပြီး လဆန်းရက်တွင် ကျွန်တော့်မှာ အလုပ်ပါးနေကာ တစ်ခါတစ်ရံ ကျောင်းဆောင်၌ စကားစမြည်ပြောရင်း အိပ်တတ်သည်။

မဂ္ဂဇင်းထွက်စရက်များတွင် မဂ္ဂဇင်းတွင်ပါသော ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများဖတ်ကာ တစ်ယောက်နှင့်တစ်ယောက် ထင်မြင်ချက်ချင်း ဖလှယ်ကြသည်။ မဂ္ဂဇင်းထွက်မည့်ရက်ဆိုလျှင် ၃၁ လမ်းရှိ စာအုပ်ချုပ်ရာ၌ သူတို့တစ်တွေနှင့် အတူသွားကာ ကော်မခြောက်တခြောက်ဖြင့် စာအုပ်ချုပ်ကုလားအား စက်တင်ဖြတ်ခိုင်းကာ ယူလာတတ်ကြသည်။ မိမိရေးသော စာများပုံနှိပ်ပါရှိသော စာအုပ်ကို အစောဆုံး ကော်စိုစိုဖြင့် ကြည့်ရသည်မှာ အရသာတစ်မျိုးပင်။ တစ်ခါတစ်ရံ ညဘက်သွားကာ စောင့်၍ ချုပ်ပြီးသားများကို ဓားစက်၌ ဖြတ်ခိုင်းကြသည်။ စာအုပ်ချုပ်ဆိုင်မှ အပြန်တွင် တစ်ယောက်တစ်အုပ် လက်ကကိုင်ကာ တစ်လမ်းလုံး စည်ညံကာ ဝေဖန်ပြောဆို ငြင်းခုံလာကြသည်။

ကိုမြသန်းမှာ စကားလုံး အလှအန္တကလေးများ နှစ်သက်သူဖြစ်ရာ သူ့ကို ဝိုင်း၍ စနောက်နေကြသည်။ ကိုကျော်အောင်၏ တဟားဟား ရယ်မောသံမှာ ၃၁ လမ်းညကို ပွဲတင်ထပ်လျက် ရှိသည်။ ဝတ္ထုရေးခ

mgyoe.com

mgyoe.com



တောင်းရကောင်းမှန်း မသိကြသေး။ ကျွန်တော်လည်း ပေးရကောင်းမှန်းမသိ။ ကျောင်းမဂ္ဂဇင်း ထုတ်ဝေသကဲ့သို့သော မိမိရင်ထဲရှိတာ ရေးလိုက်သည်ကို ကျေနပ်နေတတ်သည့် သဘောမျှသာ။

(၃)

ပထမစတွေ့စဉ်က ကိုကြည်လင်နှင့် ကိုမြသန်းသည် ရင်ခုန်နေကြဟန်ရှိသည်။ ကိုမြသန်းမှာ မပြောရဲပြောရဲဟန်။ သူ၏ အမူအရာမှာပင်လျှင် ရိဝေဟန်ပါနေသလားမသိ။ ကျွန်တော့်အား လေးစားသည့်အမူအရာပါနေ၍ ကျွန်တော့်မှာ အနေကျပ်မိသည်။ အမှန်အားဖြင့် သူတို့မှာ ကျွန်တော့်ထက် ၈–၁၀ နှစ်ခန့် ငယ်ကြသည်။ ကျွန်တော်ကမူ အသက်သတိထားစိတ်ရှိသူ မဟုတ်လှပေ။ နောက် မိမိကိုယ်မိမိ စစ်ဆေးသုံးသပ်ကြည့်သောအခါ သိရသည်။ ငယ်သည် ကြီးသည် ပဓာနမဟုတ်။ အလုပ်တူက သက်တူရွယ်တူကဲ့သို့မြင်ကာ တစ်လုံးတစ်စည်းတည်း ဖြစ်လာတော့သည်။ သူတို့နှင့်လည်း ထို့အတူ။ တဖြည်းဖြည်း ရင်းနှီးလာကာ ဒိုးတူပေါင်ဖက် လက်ပွန်းတတီး ဖြစ်လာတော့သည်။

ကျွန်တော်မှာ စစ်ပြီး ဖဆပလခေတ်လောက်

mgyoe.com

mgyoe.com


ကတည်းက ကျွန်တော့်ထက် များစွာငယ်သူများနှင့်သာ လုပ်ငန်းအားဖြင့် တွဲဖက်လာခဲ့ရသည်ကို နောက်အခါ သတိပြုမိသည်။

ကျွန်တော်နှင့် တစ်ခေတ်တည်း မိတ်ဆွေ သူငယ်ချင်းများမှာ နိုင်ငံရေးခေတ်များအရကြောင့်လား မပြောတတ်၊ ကျွန်တော်နှင့် အနေအထားချင်း မတူကြ တော့ပြီ။ ကျောင်းသားဘဝက တစ်ခေတ်တည်း (၁၃၀၀ ပြည့် အရေးတော်ပုံခေတ်) က မိတ်ဆွေများမှာ၊ အထူး သဖြင့် ကျောင်းသားသမဂ္ဂ လုပ်ဖော်လုပ်ဖက်များမှာ ဆိုရှယ်လစ်၊ ကွန်မြူနစ်ဖြစ်သွားကြကာ တောထဲ ရောက်လေသူရောက်၊ အစိုးရထဲရောက်သွားသူ ရောက် ကာ ဝန်ကြီးမှူးကြီး စသည်များ ဖြစ်နေကြရာ ကျွန်တော် နှင့် တွေ့စရာ၊ ဆုံစရာ၊ ပေါင်းသင်းစရာ အကြောင်း မရှိတော့ပြီ။

ကျွန်တော့်ထက် ၄–၅–၆ နှစ်ခန့်ကြီးသူများ ဖြစ်သော ကိုဗဟိန်း၊ ကိုဗဆွေ၊ ကိုကျော်ငြိမ်း၊ ကိုထွန်း ဝင်း(ယခုသံ)၊ ကိုလှမောင် (သံအမတ်)၊ ကိုလှမောင် (ဗိုလ်ဇေယျ) စသူများမှာ နိုင်ငံရေးနယ်ပယ်ထဲ ရောက် သွားကြရာ ကျွန်တော်က နိုင်ငံရေးမလုပ်သဖြင့် ဝေး ကွာသွားကြသည်။ ကျွန်တော်နှင့် ရွယ်တူလောက် ဖြစ်သော ကိုထွန်းနိုင်(ဗိုလ်ရန်နိုင်)၊ ကိုကြည်မောင်

mgyoe.com

mgyoe.com


(ဗိုလ်မှူးကြီး)၊ ကိုဘကလေး၊ ကိုမောင်မောင် (ကိုအောင်သူ)၊ ကိုမောင်မောင် (ယခု အစ္စရေးသံ) စသူများမှာလည်း ကျွန်တော်နှင့် ကွဲသွားကြသည်။ စာပေလောက သတင်းစာလောကဘက် ရောက်သွားသူများနှင့်သာ ကျွန်တော်တို့ ဆုံမိကြသည်။ ကျွန်တော်က မဂ္ဂဇင်းထုတ်လိုက်သောအခါ သာ၍ ဝေးသွားတော့သည်။ တစ်ခါတစ်ရံမှသာ မရှောင်သာ၍ စာအုပ်ဆိုင်၊ သံရုံးညည့်ခံပွဲများ၌ တိုးမိတိုက်မိကြရုံ ဖြစ်သည်။ တစ်ခါက ၁၉၃၆ ခု သပိတ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲ ဝန်ကြီးချုပ် ဦးနုအိမ်၌ ကျင်းပရာ ကျွန်တော့်အားဖိတ်ဖူးသည်။ သို့သော် ကျွန်တော်မတက်ဖြစ်၊ နိုင်ငံရေးအားဖြင့်လည်း ပေါင်းသင်းစရာ အကြောင်းမရှိတော့။

ထိုအခါဝယ် မဂ္ဂဇင်းထုတ်လိုက်သောအခါ လူငယ်ပွင့်သစ်စ စာရေးဆရာများ(တက်လာသောနောက်လူငယ်များ)နှင့်သာ တွဲဖြစ်လာတော့သည်။ ၁၉၅၀ ပတ်ဝန်းကျင်၌ ဖက်ဆစ်တော်လှန်ရေးခေတ် ကျွန်တော့်ထက် ၈–၁၀ နှစ်ငယ်သူများနှင့် တွဲလာရပြီးနောက် ၁၉၆၀ လောက်တွင် ကျွန်တော့်ထက် ၁၅–၂၀ ခန့်ငယ်သူလွတ်လပ်ရေးခေတ်(ဝါ) ပြည်တွင်းစစ်ခေတ်၊ လူငယ်စာရေးဆရာများနှင့် တွဲလာခဲ့ရသည်။ ယင်းသို့ ခေတ်နှစ်ခေတ် လူငယ်များနှင့် လက်ပွန်း

mgyoe.com

mgyoe.com


တတီး အဖွဲ့အစည်းရေးရာ လှုပ်ရှားမှုများ၌ တွဲဖက်မိသဖြင့် လူငယ်ခေတ်ရင်ခုန်သံများကို ခံစားထိတွေ့ခဲ့ရသည်။

ကျွန်တော်က ခေတ်များကို မိမိဘာသာပိုင်းခြားလိုက်ခြင်း ဖြစ်သည်။ သမိုင်းရေးရာအရမူ ခေတ်ပြိုင်တစ်ခေတ်တည်းဟု ဆိုရပေမည်။ သို့သော် ခေတ်ပြိုင်ကာလ ပုဒ်ဖြတ်ကလေးများကို နိုင်ငံရေးလှုပ်ရှားမှုများဖြင့် အသွေးအရောင်ကလေးများ ယှက်ဖြာလိုက်ခြင်းမျှသာ ဖြစ်သည်။ (၁၉၂၀) သပိတ်မှောက်ခေတ်၊ (၁၉၃၀) တို့ဗမာအစည်းအရုံးခေတ်၊ (၁၉၃၉) ၁၃၀၀ ပြည့်အရေးတော်ပုံခေတ်၊ (၁၉၄၅–၄၈) ဖက်ဆစ်တော်လှန်ရေးနှင့် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲခေတ်၊ (၁၉၄၈ မှ ၁၉၆၂ အထိ) ဖဆပလခေတ်၊ ပြည်တွင်းစစ်ခေတ် စသည်ဖြင့် ကျွန်တော့်ဘာသာ အကန့်ခွဲလိုက်ခြင်း ဖြစ်သည်။ ၁၉၃၀ သည်ဘက်ခေတ်များမှာ ကျွန်တော်တို့ကိုယ်တိုင် တွေ့ကြုံခံစားလာခဲ့သော ခေတ်များ ဖြစ်သည်။

ယင်းတစ်ခေတ်တစ်ခေတ် အတွင်းရှိ ရိုက်ခတ်သော ပဋိပက္ခလှိုင်းလုံးကလေးများကို ဖြတ်သန်းလာရင်း ရင်ခုန်ခဲ့ကြသည်။ ယင်းခေတ်အကန့်များကြား၌ ကြီးပြင်းလာသူများမှာ သူတို့ခေတ် အတွေ့အကြုံများ

mgyoe.com

mgyoe.com


အရ သဘာဝစရိုက်ကလေးများမှာလည်း စိတ်ဖြာကာ ကွဲပြားခြားနားကြသည်ကို တွေ့ရှိရသည်။ ပဋိပက္ခ ဆိုသည်မှာ ခေတ်၏ အခြင်းအရာ ဖြစ်သည်။ လူတို့၏ ရာဇဝင်သည်ပင်လျှင် ပဋိပက္ခ၏ မှတ်တမ်း ပင် မဟုတ်ပေလော။

ဝတ္ထုရေးဆရာများသည် သူတို့ခေတ်အတွေ့ အကြုံကို သရုပ်ဖော်ရာတွင်လည်း ပဋိပက္ခများကို ဖော် ကျူးဖွဲ့နွဲ့ခြင်းဖြစ်သည်။ ပဋိပက္ခ၏ ဇာတ်လမ်းများကို ဖော်နိုင်လေ ရသပါလေ အသက်ဝင်လေ ဖြစ်သည်။

၁၉၄၇ လောက်က ကျွန်တော်တို့သည် စာပေ သစ်ဟု အမည်ခေါ်သော ဇာတ်လမ်း၌ ပါဝင်နေသည် ကိုမသိကြ၊ ရင်ခုန်ခဲ့စဉ်က ခံစားမှုပါကလားဟု သိဖို့ အမှတ်မရ။ နောင် ၁၀ နှစ် အနှစ် ၂၀ ကြာသော် ရန့် ကလေးများသည် စာအုပ်ကြားထဲမှထွက်ကာ သင်းပျံ့ လာတတ်သည်ကော။ ပိတောက်ပန်းခြောက်ကလေး သည် ဝတ္ထုတစ်ပုဒ်ကို ပြောပြနေတတ်သည်။ ဝါကြန့် နေသော စာရွက်ဟောင်းကလေးသည်ပင်လျှင် လွမ်း စရာ၊ ကြည်နူးစရာရသကို သွန်းလောင်းပေးတတ် သည်။

ထိုအခါကမူ ကြိုက်လွန်းသဖြင့် ညည်းသ လိုက်သော အာမေဋိတ်၊ ဟာ–ဟူသောအသံကိုပင်

mgyoe.com

mgyoe.com



မိမိနှုတ်က ဆိုမြည်လိုက်သည်ဟုမထင်။ ဟင်း–ဟူသော ရင်ထဲမှ ထွက်လာသံကိုပင် ဝေဒနာဟုမအောက်မေ့မိ။ အမုန်းဒေါသလော၊ အချစ်ဒေါသလော။ ဝေဒနာတို့သည် အပြားပြား အထွေထွေ ရှိကြပေသည်။ မဲနယ်ပြာနှင့် ခရမ်းပြာသည် အသွေးကွဲသည် မဟုတ်ပေလော။

ကျွန်တော်တို့သည် တာရာမဂ္ဂဇင်း၌ မိမိတို့၏ ခံစားချက်များ နိုင်ငံရေးရည်မှန်းချက်များကို ဖော်ကျူးဖွဲ့နွဲ့နေကြရင်း ၁၉၅၀ ရောက်သော် စာပေသစ်ဟူသော မဂ္ဂဇင်းတစ်စောင်ကို ထုတ်လိုက်ကြသည်။ ပဋိပက္ခတစ်လုံးသည် ပေါက်ကွဲစဉ်ကျခဲ့သည်။ ထိုအခါကမူ လူသားတို့၏ ဝေဒနာဖြင့်ပြွမ်းသော ဇာတ်ကွက်တစ်ခုမျှသာတည်း။ အဝေးမှ အကျယ်ကြီးကြားမိသူ ရှိမည်။ နီးသော်လည်း တိုးတိုးကြားသူရှိမည်။ သဲ့သဲ့သာ ကြားရသလော။ ကျယ်လောင်လွန်းသဖြင့် တိတ်ဆိတ်ကာ နားအူသွားသလော။

ပဋိပက္ခသည်ကား ခေတ်၏အခြင်းအရာပင်တည်း။ ၁၉၅၀ ဆောင်းဟေမန် တစ်ညနေ။

## (၄)

## ၁၉၅၀ ဆောင်းဟေမန် တစ်ညနေ။

mgyoe.com

mgyoe.com



စာအုပ်ချုပ်ဆိုင်မှအပြန် ဖရေဇာလမ်းတစ်လျှောက် ဆူးလေဘုရားလမ်းဘက်သို့ လမ်းလျှောက်စကားပြောလာကြရင်း ကိုသန်းတင်က "ကျွန်တော်တို့စာပေသစ်ဆိုပြီး မဂ္ဂဇင်းတစ်စောင်ထုတ်ကြမယ်လို့ဗျ၊ အဲဒါ ခင်ဗျားလည်းပါမှ ဖြစ်မှာဗျ၊ ကျွန်တော်တို့က စိတ်သာထက်သန်နေတာ၊ ထုတ်ဝေရေး အတွေ့အကြုံရှိတာမဟုတ်ဘူး၊ ကျွန်တော်တို့ ဝိုင်းလုပ်ကြရအောင်ပါ" ဟု စာပေသစ်မဂ္ဂဇင်းထုတ်ဝေရန် စတင်ကမ်းလှမ်းလိုက်သည်။

ကျွန်တော်သည် သူတို့၏ စိတ်အားထက်သန်မှုကို ကြည်နူးသွားမိသည်။ သူတို့ဆိုသည်မှာ ကိုသန်းတင်အမှူးပြု၍ ကြည်လင်၊ မြသန်း၊ ကျော်အောင်၊ အောင်လင်း စသော ကျောင်းသားများဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားဘဝကလည်း ဘာရေးမည်၊ ညာရေးမည်၊ ဘာမဂ္ဂဇင်းထုတ်မည်၊ ညာမဂ္ဂဇင်းထုတ်မည်ဟု စိတ်အားထက်သန်ခဲ့ကြသည်။ သို့သော် စိတ်ကူးယဉ်သလောက် မဖြစ်မြောက်ခဲ့၊ စာသမားများ လူစုံလျှင် စိတ်ကူးဆပ်ပြာပူဖောင်းတွေ လွှင့်ထုတ်ခဲ့ကြဖူးသည်။ ယခု ကျောင်းသားများက ထုတ်ဝေချင်ကြသောအခါ ကိုယ်ချင်းစာမိလေသည်။

ကိုသန်းတင်မှာ သူတို့အစုထဲတွင် အသက်

mgyoe.com

mgyoe.com


အကြီးဆုံးဖြစ်ပြီး၊ ဂျပန်တော်လှန်ရေးခေတ်က ပခုက္ကူဘက်၌ နိုင်ငံရေးလုပ်ခဲ့သူဟု သိရှိရကား အားလုံးထဲတွင် နိုင်ငံရေးအားဖြင့် သြဇာရှိသည်ဟု နားလည်ထားသည်။ သူသည် အိမ်ထောင်နှင့် ကျောင်းတက်နေသူဖြစ်သည်။ ထိုအခါက ကန်တော်ကလေး ဓမ္မာရုံလမ်းထောင့်ရှိ အိမ်တစ်အိမ်၌ ဇနီးသည်နှင့် အတူနေထိုင်လျက်ရှိသည်။ သူ၏အိမ်မှာ ကိုကြည်လင် စသောကျောင်းသားများ၏ စားအိမ်သောက်အိမ်၊ သူသည်လူကြီးစိတ်ရှိ၍ စာပေမွေ့သူတစ်ယောက် ဖြစ်သည်။ သူ့အား ဖြောင့်မတ်သူဟု ကျွန်တော်က ယုံမှတ်ထားသည်။

သို့ဖြစ်ရာ သူက စာပေသစ်မဂ္ဂဇင်း ထုတ်ဝေမည် ပြောသောအခါ လက်ခံချင်သောစိတ်ကို ဟန့်တားသော အတွေးများ ရောက်မလာပေ။ သို့သော် ခုချက်ချင်း ထလုပ်မည်ဟုလည်း စိတ်က မပိုင်းဖြတ်သေးပေ။ ကျွန်တော့်မှာ တာရာမဂ္ဂဇင်း ထုတ်ဝေနေဆဲဖြစ်၍ တာရာမဂ္ဂဇင်းနှင့် စာပေသစ် မှုကွဲအောင် မည်သို့လုပ်ရမည်ကိုလည်း တစ်ဖက်က စဉ်းစားလျက် ရှိနေသည်။ ထိုအတွင်း စာပေသစ်မဂ္ဂဇင်း ကြော်ငြာလာပေး၍ တာရာတွင် ထည့်ပေးလိုက်သည်။ ကြော်ငြာတွင် "အတိုင်ပင်ခံစာတည်းများအဖြစ် ဇော်ဂျီ၊ မင်းသုဝဏ်၊

mgyoe.com